**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး**
**တိုကျိုမြို့**

## The Kubota Fund ပညာသင်ဆု လျှောက်ထားနိုင်ကြောင်း အသိပေးအကြောင်းကြားခြင်း

၁။ The Kubota Fund မှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ပေးအပ်မည့် ပညာသင်ဆုအား လျှောက်ထားနိုင်ကြောင်း Managing Committee of the Kubota Fundက မြန်မာသံရုံးသို့ အသိပေး အကြောင်းကြားလာပါသည်။

၂။ အဆိုပါ အကြောင်းကြားစာတွင် ဂျပန်နိုင်ငံရှိ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများ၊ သုတေသန လုပ်ငန်းများနှင့် တက္ကသိုလ်များတွင် အသီးသီး အလုပ်လုပ်ကိုင်/ပညာသင်ကြားနေကြသည့် ဖွံ့ဖြိုးဆဲ နိုင်ငံများမှ အင်ဂျင်နီယာပိုင်းဆိုင်ရာ သုတေသီများ၊ အလုပ်သင် သင်တန်းသားများနှင့် ကျောင်းသားများ အား The Kubota Fund ပညာသင်ဆု ပေးအပ်ရန် ရည်ရွယ်ပါကြောင်းနှင့် ၂၀၂၄-၂၀၂၅ပညာသင်နှစ် အတွက် ထောက်ပံ့ကြေး လျှောက်ထားနိုင်ကြောင်း ဖော်ပြထားပါ သည်။

၃။ လျှောက်ထားသူသည် အောက်ဖော်ပြပါ အရည်အချင်းများ ပြည့်မီရမည်ဖြစ်ကြောင်း ဖော်ပြထား ပါသည်-

(က) ဖွံ့ဖြိုးဆဲနိုင်ငံမှ နိုင်ငံသား (သို့မဟုတ်) ဖွံ့ဖြိုးဆဲနိုင်ငံတွင် မွေးဖွားကြီးပြင်းသူ

(ခ) ဂျပန်နိုင်ငံရှိ စီးပွားရေးလုပ်ငန်းတစ်ခုခုမှ ငှားရမ်းထားသူ (သို့မဟုတ်) သုတေသန/ ပညာရေးသင်တန်းနှင့် သက်ဆိုင်သည့် အဖွဲ့အစည်းတစ်ခုခုတွင် တရားဝင် စာရင်းသွင်း ထားသူ၊

(ဂ) ထောက်ပံ့ကြေး လက်ခံနေစဉ်အတွင်း ပြည်ပနိုင်ငံသို့ သွားရောက်၍ သုတေသန ပြုလုပ်ရန်၊ အပြည်ပြည်ဆိုင်ရာညီလာခံ တက်ရောက်ရန်နှင့် မိခင်နိုင်ငံသို့ ခေတ္တ သွားရောက်ရန် ကိစ္စရပ်များမှ အပ ဂျပန်နိုင်ငံတွင် နေထိုင်ရမည်ဖြစ်ကြောင်း၊

(ဃ) အင်ဂျင်နီယာပိုင်းဆိုင်ရာ(အထူးသဖြင့် မြို့ပြအင်ဂျင်နီယာ၊ လျှပ်စစ်အင်ဂျင်နီယာ၊ စက်မှုအင်ဂျင်နီယာ၊ စိုက်ပျိုးရေး၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အင်ဂျင်နီယာ၊ ဇီဝသုကာပညာ(သို့မဟုတ်)စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု စသည့်)နှင့်ပတ်သက်၍ တက္ကသိုလ်တစ်ခုခုတွင် တက်ရောက်နေသူ / သုတေသနလုပ်ငန်း လုပ်ကိုင်ဆောင်ရွက် နေသူ(သို့မဟုတ်)သုတေသနလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်မည့်သူ၊

(င) အလုပ်လုပ်ကိုင်နေသည့် အဖွဲ့အစည်း(သို့မဟုတ်)သက်ဆိုင်ရာကျောင်းမှ ကြီးကြပ်သူ၏ ထောက်ခံစာတင်ပြရမည်ဖြစ်ကြောင်း။

၄။ အဆို ပါ The Kubota Fund ချီးမြှင့်ရန်အတွက် (၁၂)ဦး ရွေးချယ်သွားမည်ဖြစ်ပြီး၊ ထောက်ပံ့ကြေးအား ၂၀၂၄ခုနှစ်၊ ဧပြီလမှ ၂၀၂၅ခုနှစ်၊ မတ်လအထိ တစ်လလျှင် ယန်း ၈၀,၀၀၀/- မှ ယန်း ၁၀၀-၀၀၀/- အထိ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် **၁၇-၁-၂၀၂၄ရက်နေ့ နောက်ဆုံးထား၍** http://www.mypage.3050.i-webs.jp/kbt2023/ သို့ ဝင်ရောက်၍ လျှောက်ထားနိုင်ကြောင်း၊ အသေးစိတ်အချက်အလက်များကို http://www.kubota-fund.org/ သို့ ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

မြန်မာသံရုံး၊ တိုကျိုမြို့
၂၀၂၃ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်